ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

စာအမှတ်၊ အစဆ/(ဆဝ) ၂၀၁၅/ ၂၀၄

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မတ်လ( ၅ )ရက်။

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်ကြီးများနှင့်လုပ်ငန်းရှင်များအသင်း

အကြောင်းအရာ။ **ဆေးဝါးမှတ်ပုံတင်သက်တမ်းတိုးခြင်းကိစ္စ။**

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ဆေးကုမ္ပဏီများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ဆေးဝါးမှတ်ပုံတင်သက်တမ်းတိုးထားဆဲကာလတွင် ဆေးဝါးတင်သွင်းရန်အတွက် သက်တမ်းတိုးလျှောက်ထားခြင်း မှန်ကန်ကြောင်းထောက်ခံချက် လျှောက်ထားလျက်ရှိပါသည်။ အချို့ကုမ္ပဏီများအနေဖြင့် ဆေးဝါးမှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားသည့် အချက်အလက်၊ လုပ်ထုံးလုပ်နည်းများ ပြည့်စုံမှုရှိသည့်အတွက်တစ်ကြိမ်တင်သွင်းခွင့်ထောက်ခံချက်ထုတ်ပေးလျက်ရှိသော်လည်း အချို့ကုမ္ပဏီများမှာ ဆေးဝါးမှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးမှ လျှောက်ထားလာခြင်း၊ စာရွက်စာတမ်းပြည့်စုံမှုမရှိခြင်းတို့ကြောင့် ထောက်ခံချက်ထုတ်ပေးရာတွင် အခက်အခဲရှိနေပါသည်။

၂။ အမျိုးသားဆေးဝါးဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ(၃/ ၉၃)တွင် ဆေးဝါးမှတ်ပုံတင်သက်တမ်းတိုးခြင်းကို သက်တမ်းမကုန်ဆုံးမီရက်(၉၀) ကြိုတင်လျှောက်ထားရန်လိုအပ်ကြောင်း ဖော်ပြပါရှိပါသည်။ သို့ဖြစ်ပါ၍ ဆေးဝါးမှတ်ပုံတင်သက်တမ်း (၁)နှစ်ကျော်ပြီးမှ သက်တမ်းတိုးလျှောက်ထားခြင်းများအတွက် တစ်ကြိမ်တင်သွင်းခွင့်ထောက်ခံချက် ထုတ်ပေးမည်မဟုတ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

စာအဝင်
စာမှတ်ချိ 10 MAR 2015
ရက်စွဲ 10 MAR 2015

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(ဒေါက်တာသိဂီဇင်၊ ညွှန်ကြားရေးမှူး)

D/2015-DFDA/2015-TGZ/Mar-t (2015)